# ယူနန်ပြည်နယ်သည် ကျည်ဆန်ရထားခေတ်သို့ ဝင်ရောက်

(၂၀၁၆)ခုနှစ် ဒီဇင်ဘာလ (၂၈) ရက်နေ့ နံနက်(၁၀)နာရီတွင် ဟုကူ (ရှန်ဟိုင်း-ကူမင်း) ခရီးသည်တင်ရထား၊ ယူကွေ(ယူနန်--နန်နင်း)သံလမ်းမှ ကွေ့ရန်မြောက်၊ နန်နင်းဖက်သို့သွားသော ပထမရထားတွဲကို အတူစတင်ပြေးဆွဲခဲ့သည်။ ဟုကူ(ရှန်ဟိုင်း–ကူမင်း)ကျည်ဆန်ရထား၊ ယူကွေ့(ယူနန်--နန်နင်း)သံလမ်းတရားဝင်ဧည့်တင်ပြေးဆွဲခြင်းကို စတင်ဆောင်ရွက်လာပါသည်။

ကျည်ဆန်ရထားသံလမ်းနှစ်ကြောင်း ဖွင့်လှစ်ပြီးနောက် ယူနန်ပြည်နယ်ကူမင်းမြို့မှ တရုတ်နိုင်ငံပြည်တွင်း မြို့ကြီးအများသို့သွားရမည့် လမ်းခရီးများစွာကို လျှော့နည်းစေနိုင်သည်။ ယင်းအတွင်း ကူမင်းမှပေကျင်းသို့ ယခင်က (၃၃)နာရီ (၂၂)မိနစ်မှ ယခု(၁၂) နာရီ (၁၁)မိနစ်၊ ရှန်ဟိုင်းသို့ ယခင်က (၃၄)နာရီ(၈)မိနစ်မှ ယခု(၁၁)နာရီ(၁၅)မိနစ်၊ ရှိန်ကျိန်သို့ ယခင်က (၂၉)နာရီ(၇)မိနစ်မှ ယခု(၆)နာရီ(၅၁)မိနစ်၊ နန်နင်းသို့ ကျည်ဆန်ရထား ယခင်က (၁၂) နာရီ (၄)မိနစ်မှ ယခု(၄)နာရီ (၄၁)မိနစ်အထိ လျှော့နည်းသွားပါသည်။ ကွန်ကျိုးသို့ကျည်ဆန်ရထားသွားလာရာ အချိန်ယခင်က (၁၆)နာရီ(၃၅)မိနစ်မှ ယခု(၈)နာရီ(၅၂)မိနစ်အထိ လျှော့နည်းသွားစေသည်။ ဟုကူ ကျည်ဆန်ရထားဖြင့် ကွမ်ကျိုးသို့သွားပါက (၆)နာရီ(၁၇)မိနစ်သာ ကြာပါတော့သည်။

## ယူနန်ပြည်နယ်သည် ယခုအချိန်မှစ၍ 'ကျည်ဆန်ရထားခေတ်'သို့ ဝင်ရောက်နေပြီ

တစ်ချိန်တုန်းကယူနန်ကို "ရထားထက် ကားကပိုမြန်၊ သံလမ်းက ပြည်တွင်းမရောက်ဘဲ ပြည်ပရောက်" ဟုဆိုခဲ့ကြသည်။ ယခု ယူနန်သည် ကျည်ဆန်ရထားခေတ်ကို ရောက်ရှိလာလေပြီ။

"ယူနန်ပြည်နယ်တာလတ်တာရှည်နှင့်'(၁၃)ကြိမ်မြောက်(၅)နှစ်စီမံကိန်း' သံလမ်းကွန်ယက်စီမံခန့်ခွဲမှု" ကိုသုံးသပ်သဘောတူခဲ့ကြောင်း သိရသည်။ (၂၀၂၀) ခုနှစ်တွင် ယူနန်ပြည်နယ်ခွဲအတွင်းရှိပြည်နယ်ခွဲနှင့်မြို့ အားလုံးတွင် သံလမ်း ဖွင့်လှစ်ပေးခြင်း၊ တျမ်း(ယူနန်) အလယ်မြို့အုပ်စုတွင် ကျည်ဆန်ရထားဖွင့်လှစ်ပေးခြင်း၊ ယူနန်ကျည်ဆန်ရထားလုပ်ငန်း မိုင်တိုင် မှာ(၁၇၀၀) ကီလိုမီတာသို့ ရောက်ရှိခြင်းစသည်တို့ဖြစ်မြောက်မည်။ စီးပွားလူဦးရေပြည်နယ်ခွဲမြို့ကြီး (လူဦးရေ (၃) သန်းအထက်ရှိသော ပြည်နယ်ခွဲမြို့) နှင့် ခရီးသွားအရေးပါနယ်ပယ်တွင် အဆင့်မြင့် သံလမ်းဖွင့်လှစ်မည်ဖြစ်သည်။ ယူနန် "(၁၃)ကြိမ်မြောက် (၅)နှစ်စီမံကိန်း" သံလမ်းစီမံကိန်း၏ တင်ပြချက်အရ တရုတ်ပြည်ကျည်ဆန်ရထားကွန်ယက်အတွင်းသို့ ယူနန် ပါဝင်ရောက်နိုင်ရန် တွန်းအားပြုမည်ဖြစ်ပြီး ကျည်ဆန်ရထားသည်လည်း ယူနန် ဖွံ့ဖြိုးတိုးတက်မှုကို ထောက်ပံ့ပေးသွားမည်ဖြစ်သည်။

ကျည်ဆန်ရထားခေတ်သို့ ဝင်ရောက်ရာ ယူနန်သည် တရုတ်နိုင်ငံကျည်ဆန်ရထားစီးပွားရေးမှ ပြင်ပသို့ မျက်နှာပြုပြီးဖလှယ်သော အနောက်တောင်ဖက်ရှိ တံခါးကြီးဖြစ်လာတော့မည်။ "တစ်ဇုန်တစ်လမ်း" မဟာဗျူဟာ၏ တွန်းဆော်ခြင်းအားဖြင့်၊ "တရုတ်-ဗီယက်နမ်၊ တရုတ်-လာအို၊ တရုတ်-မြန်မာ၊ တရုတ်-မြန်မာ-အိန္ဒိယ" ပြည်ထွက်လမ်းကြောင်းကြီး(၅)ခု ဆောက်လုပ်ရေး၏ တွန်းဆော်ချက်များကြောင့် ယူနန်သည် တရုတ်ကျည်ဆန်ရထားနိုင်ငံတံခါးမှပြင်ပသို့ထွက်ပြီး ကမ္ဘာနှင့်ချိတ်ဆက်သော လမ်းကြောင်းသစ်ဖြစ်လာတော့မည်။ တရုတ်နိုင်ငံနှင့် ဘေးပတ်ဝန်းကျင်နိုင်ငံတို့လက်တွဲပြီး အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် တွန်းအားပေးသွားမှာ ဖြစ်ပါသည်။

## လင့်ခ်ချိတ်ဆက် – ဟုကူကျည်ဆန်ရထားကို သတင်းထောက်မှကိုယ်တွေ့ခံစားချက်။ (၁၈၀)ကီလို မီတာကို (၄၃)မိနစ်သာလိုအပ်ပါတော့သည်

"တော်တော်မြန်တယ်။ ကူမင်းမြို့ကနေ ဖူယွမ်ခရိုင်ကို မိနစ်(၄၀) ပဲကြာတယ်။ ကျည်ဆန်ရထားဟာ တော်တော်အဆင်ပြေလိုက်တာ။" ဒီဇင်ဘာလ(၂၀)ရက်နေ့ ယူနန်ကျည်ဆန်ရထားမဖွင့်လှစ်မီ ကူမင်းသံလမ်း ညွှန်ကြားရေးဦးစီးဌာနမှ ကူမင်းတောင်ဖက်ဘူတာရုံမှစတင်ပြေးဆွဲသော ကျည်ဆန်ရထားဖြင့် ဟုကူ ခရီးသည်တင် အထူးရထားလိုင်းကို သတင်းထောက်များအား စုစည်းပြီး ကိုယ်တွေ့ခံစားစေခဲ့သည်။ ကူမင်းမှဖူယွမ်ခရိုင်သို့ ကီလိုမီတာ (၁၈၀)ကို (၄၃)မိနစ်သာ အချိန်ကြာသည်။

ကူမင်းတောင်ဖက် ဘူတာရုံ၏ လုပ်ငန်းအသီးသီးမှာ ပြီးမြောက်ပြီဖြစ်ပြီး ဒေသအသီးသီးမှ ခရီးသည်များကို စတင်ကြိုဆိုလက်ခံပြီဖြစ်ကြောင်း သိရှိရသည်။ ကူမင်းတောင်ဖက်ဘူတာရုံရှိ ဝန်ထမ်းသည် တောင်ဖက်ဘူတာရုံတွင် အော်တိုလက်မှတ်အရောင်းဂိတ်(၉၀) ခုရှိပြီး လက်မှတ်အရောင်း အပေါက်(၄၁)ခုရှိကြောင်း သတင်းထောက်ထံ မိတ်ဆက်ပြောကြားခဲ့သည်။ "ခရီးသည်စီးဆင်းမှုခန့်မှန်းချက်အရ ကျည်ဆန်ရထားဘူတာဖွင့်လှစ်သည့်အစောပိုင်းကာလတွင် လက်မှတ်အရောင်းပေါက် (၅)ခုကို ဖွင့်လှစ်လုပ်ဆောင်သည်။" ထို့အတူ အော်တိုလက်မှတ် အရောင်းဂိတ်(၉၀)ခုလည်း အားလုံးလုပ်ဆောင်သွားသည်။





ကူမင်းတောင်ဖက်ဘူတာရုံမှစပြီး ဟုကူအထူးလိုင်းဖြင့် ဖူယွမ်မြောက်ဂိတ်သို့လိုက်ပါစီးနင်းရာတွင် ဖူယွမ်မြောက်ဂိတ်သို့ ရောက်သောအချိန်သည် (၄၃) မိနစ်ကြာသည်။ ကျည်ဆန်ရထားအမြန်ဆုံးအရှိန်မှာ တစ်နာရီ(၃၀၀) ကီလိုမီတာထိရောက်ပြီး ဟုကူကျည်ဆန်ရထားသံလမ်းရှိ ရထားများအမြန်ဆုံးအရှိန်မှာ တစ်နာရီ (၃၈၀)ကီလိုမီတာရောက်နိုင်ပြီး ပုံမှန်သွားလာအရှိန်မှာ တစ်နာရီ (၃၀၀)ကီလိုမီတာရှိကြောင်း မိတ်ဆက်ခြင်းအရသိရပါသည်။

အရှိန်မြန်သော်လည်း ရထားမှာ အလွန်တည်ငြိမ်ပေသည်။ ရေသန့်ဗူးကို စားပွဲပေါ်တွင်တင်ထားပြီးနောက် ရေသန့်ဗူးတစ်ဗူးကို ထပ်ပြီးတင်လိုက်သော်လည်း လုံးဝပြုတ်မကျခဲ့ပါ။ ထို့အပြင် ကျည်ဆန်ရထားပေါ်တွင် 4G အင်တာနက်ကွန်ယက်ကို ပုံမှန်အသုံးပြုနိုင်မည်ဖြစ်ပါသည်။

ကူမင်းတောင်ဖက်ဘူတာဂိတ်မှ "တျမ်း(ယူနန်)သို့ဝင်သောပထမဂိတ်" ဖူယွမ်တောင်ဂိတ်သို့မိနစ်(၄၀)ကျော်သာကြာသည်။ ၎င်းသည် ယခင်က တစ်နာရီ(၁၂၀)ကီလိုမီတာရှိသော ရိုးရိုးခရီးသည်တင်ရထားမှ ယခု ကျည်ဆန်ရထားထိတိုင် အချိန်(၃)နာရီကို အရှိန်မြှင့်တင်နိုင်ခဲ့ကြောင်းသိရသည်။ ဟုကူ ခရီးသည်တင် အထူးလိုင်းတစ်ခုလုံးသည် ယူနန်နှင့်ရှန်ဟိုင်း၏အကွာအဝေးကို (၁၁)နာရီခန့်လျှော့နည်းစေမည်ဖြစ်သည်။

သတင်းထောက် ကျန်ချိန်

# တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်း (၄)နိုင်ငံသည်

# မဲခေါင်မြစ်ပူးတွဲတရားဥပဒေစိုးမိုးရေး (၅)နှစ်ပြည့်အထိမ်းအမှတ်အစီအစဉ်ကိုကျင်းပ

ယခုရက်ပိုင်းတွင် တရုတ်-လာအိုမြန်မာ-ထိုင်းလေးနိုင်ငံ မဲခေါင်မြစ်ပူးတွဲတရားဥပဒေစိုးမိုးရေး (၅)နှစ်ပြည့်အမှတ်တရအစီအစဉ် သဘော်စစ်ရေးပြခြင်းနှင့် စစ်ရေးလေ့ကျင့်ပွဲကို စစ်ဆောင်ပန်းနား တိုင်(ရှမ်း)တိုင်းရင်းသားကိုယ်ပိုင်အုပ်ချုပ်ရေးပြည်နယ်ခွဲကျင်ဟုန်ဆိပ်ကမ်းတွင် ကျင်းပခဲ့သည်။

တရုတ်၊ လာအိုနှစ်နိုင်ငံ၏ တရားဥပဒေစိုးမိုးရေးစက်လှေ၊ အမိကစက်လှေ၊ တိုက်ခိုက်စက်လှေ၊ လမ်းပန်းသွားလာရေးစက်လှေစသည့် စက်လှေ(၁၀)စီးသည် အတန်းခွဲပုံစံ၊ စက်လှေလုပ်ဆောင်ချက်ပြသခြင်း၊ ရေပေါ်အရေးပေါ်ကိစ္စအား ပူးတွဲဖြေရှင်းခြင်းများကို အစမ်းလေ့ကျင့်ခဲ့ကြသည်။ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်း(၄) နိုင်ငံ ကိုယ်စားလှယ်အဖွဲ့၊ မဲခေါင်မြစ်ပူးတွဲတရားဥပဒေစိုးမိုးရေးအဖွဲ့ဝင်ပေါင်း (၂၀၀)ကျော်သည် အစီအစဉ်တွင် သွားရောက်ကြည့်ရှုလေ့လာခဲ့ကြသည်။

သတင်းထောက် တိုက်ကျိန့်ဟွာ။